အားကစား

ပရီမီယာလိဂ် ရင်ခုန်သံ... ၂၁

ပြီးခဲ့တဲ့နေ့က ကြားရက်ဖြစ်တဲ့ ဇန်နဝါရီ ၁၊ ၂၊ ၃ ရက်တွေမှာ ကျင်းပမယ့် ပွဲစဉ်(၂၁)အနက် ဇန်နဝါရီ ၁၊၂ ရက်တွေမှာ ကစားမယ့်ပွဲစဉ်တွေကို သုံးသပ်တင်ပြခဲ့ပြီးနောက် ကျန်နေသေးတဲ့ ဇန်နဝါရီ ၃ (ဗုဒ္ဓဟူးညု ကြာသပတေး နံနက် ၂း၁၅)မှာ ကစားမယ့်ပွဲတွေကို သုံးသပ်ပေးလိုက်ပါတယ်။

ချယ်လ်ဆီး Vs ကျူပီအာ

ပထမအကျော့ရလဒ်

(၁၅-၉-၂၀၁၂) ကျူပီအာ ၀-၀ ချယ်လ်ဆီး

ကျူပီအာဟာ တန်းမဆင်းရဖို့ ရုန်းကန်နေတဲ့ အသင်းဖြစ်သလို လက်ရှိကစားပုံကလည်း တည်ငြိမ်မှုရှိပါတယ်။ အထူးသဖြင့် အသင်းလိုက်ကစားပုံတည်ငြိမ်ပြီး ခံစစ်ပိုင်းက ကျစ်လျစ်မှုရှိသလို ဒါဘီစိတ်ဓာတ်နဲ့ ခံကစားသွားမယ့် အခြေအနေကလည်း ရှိတယ်။ ချယ်လ်ဆီးက ခြေကောင်းပြီး နိုင်ပွဲရဖို့ အားစိုက်လာမှာဖြစ်ပေမယ့် ကပ်ပြီးသာ နိုင်ခြေရှိပါတယ်။

လီဗာပူး Vs ဆန်းဒါးလန်း

ပထမအကျော့ရလဒ်

(၁၅-၉-၁၂) ဆန်းဒါးလန်း ၁-၁ လီဗာပူး

ဆန်းဒါးလန်းက ခြေမငြိမ်ဘူး။ တိုက်စစ်က ဖလက်ချာဂိုးပေါက်ပျောက်တဲ့အခါ ဂိုးရရေး ရုန်းကန်ရတတ်တယ်။ အထူးသဖြင့် အဝေးကွင်းပွဲစဉ်တွေမှာ ခြေပိုမိုအားပျော့တတ်တယ်။ လီဗာပူးက အမှားမခံတဲ့ အခြေအနေဖြစ်သလို အိမ်ကွင်းလည်းဖြစ်တဲ့အတွက် ဖိအားပေးပြီး ကပ်နိုင်သွားမှာပါ။

နယူးကာဆယ် Vs အဲဗာတန်

ပထမအကျော့ရလဒ်

(၁၈-၉-၁၂) အဲဗာတန် ၂-၂ နယူးကာဆယ်

နယူးကာဆယ်ရဲ့ခြေက အကျဘက်ရောက်နေတယ်။ တိုက်စစ်ကလည်း ဂိုးသွင်းခြေမငြိမ်ဘူး။ အိမ်ကွင်းမှာဖြစ်ပေမယ့်လည်း ကစားပုံတည်ငြိမ်တဲ့ အဲဗာတန်ကို အသာရဖို့ခက်တယ်။ နယူးကာဆယ်အနေနဲ့ အိမ်ကွင်းအားနဲ့ ဖိအားပေးသွားမှာဖြစ်ပေမယ့်လည်း အမြင့်ဆုံးသရေလောက်ပဲရမယ်။

ရှိုင်းမင်းမင်း

ဝက်စ်လေရှနိုက်ဒါကို လီဗာပူး ပစ်မှတ်ထားနေ

လီဗာပူးအသင်းသည် အီတလီစီးရီးအေကလပ် အင်တာမီလန်အသင်းမှ နယ်သာလန်ကြယ်ပွင့် ဝက်စ်လေရှနိုက်ဒါအား ဇန်နဝါရီ အပြောင်းအရွှေ့ကာလအတွင်း ပြောင်းရွှေ့ကြေး ပေါင် ၉ ဒသမ ၅ သန်းပေး၍ ခေါ်ယူမည်ဖြစ်ကြောင်း လီဗာပူးအသင်း တာဝန်ရှိသူများက အခိုင်အမာပြောကြားခဲ့သည်။

အင်တာမီလန်တိုက်စစ်မှူး ဝက်စ်လေရှနိုက်ဒါသည် အသင်းကလစာငွေပေါင် ၁ ဒသမ ၆ သန်းလျှော့ချရန် အကြံပြုခဲ့ပြီးနောက် အင်တာမီလန်နှင့် အငြင်းပွားမှု ဖြစ်ပွားခဲ့သည်။

အသက်(၂၈)နှစ်အရွယ်ရှိ အင်တာမီလန်တိုက်စစ်မှူး ဝက်စ်လေရှနိုက်ဒါ၏ တစ်ပတ်လုပ်ခလစာသည် ပေါင် ၂၀၀၀၀၀ ဖြစ်ပြီး အငြင်းပွားမှုဖြစ်ပွားခဲ့ခြင်းကြောင့် အင်တာမီလန်အသင်းမှ ထွက်ခွာရန် ပြင်ဆင်ခဲ့ခြင်းဖြစ်သည်။

"ဇန်နဝါရီ အပြောင်းအရွှေ့ကာလအတွင်း ကျွန်တော် အသင်းပြောင်းရွှေ့ကစားခဲ့ရင်တောင် အင်တာမီလန်ကစားသမားတွေအတွက် အကောင်းဆုံးဖြစ်လာဦးမှာပါ" ဟုပင် ရှနိုက်ဒါက ပွင့်ပွင့်လင်းလင်း ပြောကြားခဲ့သည်။

အငြင်းပွားမှုတွေနဲ့ပတ်သက်ပြီး ရှနိုက်ဒါက "ပြဿနာမရှိပါဘူး၊ ဘယ်အသင်းကမှ မခေါ်ရင်တောင် လက်ရှိစာချုပ်ချုပ်ဆိုထားတဲ့ စာချုပ်အရ၂၀၁၅ ခုနှစ်အထိတော့ အင်တာမီလန်မှာ ဆက်ရှိနေဦးမှာပါ"ဟု လည်းပြောကြားခဲ့သည်။ဝက်စ်လေစနိုက်ဒါသည် ဘရန်ဒန်ရော့ဂျာ ကိုင်တွယ်လျက်ရှိသော လီဗာပူးအသင်းအပြင် စပါးနှင့် မန်ယူအသင်းများသို့ သွားရောက်ကစားရန်လည်း ချိတ်ဆက်မှုများ ပြုလုပ်ထားကြောင်း သိရသည်။

နာနီနှင့်ဒီဂီယာကိုရောင်း၍ ရိုနယ်လ်ဒိုကိုဝယ်ယူလိုတဲ့မန်ယူ

မန်ယူအသင်းသည် ပရီမီယာလိဂ် လက်ရှိအမှတ်ပေးဇယားထိပ်၌ ဦးဆောင်လျက်ရှိပြီး တိုက်စစ်မှူး ဗန်ပါစီ၊ ရွန်းနီတို့နှင့်အတူ တွဲဖက်၍ တိုက်စစ်အားမြှင့်တင်ရန် မန်ယူကစားသမားဟောင်း ခရစ္စတီယာနိုရိုနယ်လ်ဒိုအား ပစ်မှတ်ထားလျက်ရှိသည်။

မန်ယူနည်းပြကြီး ဆာအဲလက်စ်ဖာဂူဆန်သည် လက်ရှိအသင်း၏ လက်စွမ်းပြဂိုးသမားဒေးဗစ်ဒီဂီယာနှင့် တောင်ပံကစားသမားနာနီတို့ကို ပြောင်းရွှေ့ကြေးပေါင်သန်း ၆၀ ဖြင့်ရောင်းချကာ စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းမှ ပေါ်တူဂီကြယ်ပွင့် ခရစ္စတီယာနိုရိုနယ်လ်ဒိုအား အိုးထရက်ဖို့ဒ်သို့ ပြန်လည်ခေါ်ယူရန်စဉ်းစားလျက်ရှိကြောင်း သိရသည်။

ရီးယဲလ်မက်ဒရစ်တောင်ပံကစားသမား စီရိုနယ်လ်ဒိုကမူ လက်ရှိကလပ် ရီးယဲလ်မက်ဒရစ်အသင်းနှင့် စာချုပ်သက်တမ်းနှစ်နှစ်ကျန်နေသေးပြီး ဘာနေဗျူးကို စွန့်ခွာရန်ဆန္ဒမရှိသေးကြောင်း ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့အတွင်းက ပြောကြားခဲ့သည်။

ရီးရဲမက်ဒရစ်အသင်းမှ ထွက်ခွာဖြစ်ခဲ့ပါက ၎င်းအားခေါ်ယူရန် ကြိုးပမ်းနေသည့် အသင်းဟောင်း မန်ယူနှင့် ပီအက်ဂျီအသင်းသို့ပြောင်းရွှေ့ကစားမည်ဟုဆိုသည်။

ထို့ကြောင့်မန်ယူအသင်းအနေဖြင့် ပေါ်တူဂီတောင်ပံကစားသမား ခရစ္စတီယာနိုရိုနယ်လ်ဒိုအား တစ်ပတ်လုပ်ခလစာပေါင် ၃၀၀၀၀၀ ပေးမည်ဟုဆိုသည်။

သို့ရာတွင် ပြင်သစ်ပထမတန်းအသင်းများထဲတွင် ငွေကြေးပုံအောကာ သုံးစွဲနိုင်စွမ်းရှိသည့် ပီအက်စ်ဂျီအသင်းကမူ စီရိုနယ်လ်ဒိုအနေဖြင့် ပြင်သစ်ကလပ်သို့ လာရောက်ကစားမည်ဆိုပါက တစ်ပတ်လုပ်ခလစာ ပေါင် ၅၀၀၀၀၀ အထိပေးမည်ဟု ဆိုသည်။

နိုင်လင်းကြည်

လိုင်လီမှဒီဘူချီ နယူးကာဆယ်နှင့်စာချုပ်ရန်သဘောတူညီ

ပရီမီယာလိဂ်ကလပ် နယူးကာဆယ်အသင်းသည် ပြင်သစ်ကလပ် လိုင်လီအသင်းမှ နောက်တန်းကစားသမား ဒီဘူချီအား စာချုပ်ချုပ်ဆိုရန် သဘောတူညီမှု ရရှိခဲ့ကြောင်းသိရသည်။

အသက်(၂၇)နှစ်အရွယ် ပြင်သစ်ညာနောက်ခံကစားသမား ဒီဘူချီသည် ယူရို ၂၀၁၂ ပြိုင်ပွဲတွင် ပြင်သစ်အသင်းတွက် အကောင်းဆုံးခြေစွမ်းပြကစားပြီး နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက အသင်းသစ်ရှာဖွေကစားရန် ချိတ်ဆက်မှုများပြုလုပ်ခဲ့သူဖြစ်သည်။

နယူးကာဆယ်အသင်းသည် နောက်တန်းကစားသမား ဒီဘူချီအား အလွတ်ပြောင်းရွှေ့ကြေး ပေါင် ၅ သန်းဖြင့် ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်း ခေါ်ယူမည်ဟုလည်းဆိုသည်။

နယူးကာဆယ်အသင်းသည် ၂၀၁၁ ခုနှစ် ဇွန်လအတွင်းကလည်း လိုင်လီအသင်းမှ ကွင်းလယ်ကစားသမား ယိုဟန်ကာဗာရီအား အလွတ်ပြောင်းရွှေ့ကြေးပေါင် ၄ ဒသမ ၃သန်းဖြင့် ငါးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ် ချုပ်ဆိုခေါ်ယူခဲ့သည်။

လိုင်လီနောက်တန်းကစားသမား ဒီဘူချီသည် ယူရို ၂၀၁၂ ပြိုင်ပွဲတွင် ပြင်သစ်အသင်း၏ ပွဲစဉ်လေးပွဲလုံးတွင် ပါဝင်ကစားပေးခဲ့ပြီး နိုင်ငံလက်ရွေးစင်အဖြစ် ၁၃ ပွဲအထိ ပါဝင်ကစားပေးနိုင်ခဲ့သည်။

နယူးကာဆယ်အသင်းသည် လက်ရှိဘယ်နောက်ခံကစားသမား ဒန်နီဆင်မ်ဆန်အား စာချုပ်သစ်ချုပ်ဆိုရန် ကြိုးပမ်းနေသည့်အပြင် ယင်းနေရာတွင် အစားထိုးကစားနိုင်ရန်အတွက် ဒီဘူချီကို ပစ်မှတ်ထားလာခဲ့ခြင်းလည်းဖြစ်သည်။

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး

တစ်မူထူးခြား FULLY LIGHT ခရီးသွား
သင်္ကြန်မှာပြန်လည်စုံစည်းကြပါစို့!
B-801, Dagon Center (I),Bargayar Road,
Myaynigone, Sanchaung T/s, Yangon.
PH: 01-503815 01-516932 01-516964 01-516985

ချမ်းပိုင်သစ္စာ ❖(စား/တည်း ငြိမ်း) 85000
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ကျိုက်ထီးရိုး(အထူး) ရင်ပြင်တော်အရောက်
ပုဂံ၊ ပုပ္ပါး၊ ပခုက္ကူ (သိမ်ဟိုဠ်ရှင်) (အပတ်စဉ်သောကြာ)
0973198239, 0943033237, 0973163538

SPECIAL REPORT : Apple in 2013
NetGuidE
Vol. 2, No. 67
IT, Electronics & Communication Journal
5 Minutes Guide, Website Index . . .
လာမည့်နှစ်တွင် ဈေးနှုန်းလျှော့ချမည့် မိုဘိုင်းဖုန်းများကို ရန်ကုန်မြို့တွင် နေရာအများအပြား ရောင်းချမည်
♦ News : မိုဘိုင်းဘဏ်လုပ်ငန်းဆိုင်ရာ ညွှန်ကြားချက် ဒုတိယမူကြမ်းဆိုင်ရာ ဆွေးနွေး
♦ News : ATM ငွေထုတ်စက်ရှိရာ ၄၅ နေရာတွင် ငွေထုတ်ယူ အသုံးပြုနိုင်
♦ Article : နည်းပညာကြောင့် ဆေးကုခ ဈေးကြီးကုန်တာလား ?
♦ Article : တိုးတက်မှုများစွာနှင့် Corel Paint Shop Pro 5
♦ Tips : PC Remote Control & Online Meeting with Team Viewer
Collection – Laptops, Audio, Electronics, Camera and New Products Reviews
Mobile – Top 10, Spec Show, Comparison
Vol. 2, No. 68 အတွက် ကြော်ငြာပိတ်ရက် ၄-၁-၂၀၁၃ (သောကြာနေ့)
ဆက်သွယ်ရန်ဖုန်းနံပါတ် : 224711
email: netguidemyanmar@gmail.com
လပေးမှာယူလိုပါက ဖုန်း – ၃၉၁၁၈၆၊ ၀၉၅၀ ၈၀၈၅၀

the Standard Time
WEEKLY

သတင်းဂျာနယ် အခင်းအကျင်းနှင့်အညီ စေ့စပ်၊ လေ့လာ၊ ဖတ်ရှု
သိမ်းဆည်းထားရမည့် ပြည်တွင်း၊ ပြည်ပဖြစ်ရပ်ဖြစ်စဉ် သုတ၊ ရသ
အဖုံဖုံကဏ္ဍစုံလင်စွာဖြင့် ထွက်ပြီ!

သတင်း၊ ဆောင်းပါး ကာတွန်း၊ ဓာတ်ပုံ ကြော်ငြာ၊ ဖြန့်ချိ ကိစ္စရပ်များအတွက် ဆက်သွယ်နိုင်ကြပါပြီ။

ဆက်သွယ်ရန် ៖ အမှတ်-၄၆ (A)၊ ကျီတော်အိမ်ရာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၉၀၀၀၀၃၈၊ ၉၀၀၀၀၃၉၊ ကြော်ငြာ၊ ဖြန့်ချိရေး ဖုန်း - ၀၉ ၅၄၀၂၇၃၁ e-mail : sdtimeweekly@gmail.com

အလုပ်ရှာပေးမည်ဆိုပြီး ကာရာအိုကေဆိုင်သို့ပို့သူအား ထောင်ဒဏ် ၁၂ နှစ်ချမှတ်

ရန်ကုန် ဒီဇင်ဘာ ၃၁

အမျိုးသမီးငယ်တစ်ဦးအား အလုပ်ရှာပေးမည်ဆိုကာ ကာရာအိုကေဆိုင်သို့ ပို့ဆောင်ခဲ့သည်ဆိုသော ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်နေ မအိစံ(ခ) မအေးအေးထက်(၃၄)နှစ်အား လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ အရ အပြစ်ရှိကြောင်း ပေါ်လွင်ထင်ရှားသဖြင့် အလုပ်နှင့် ထောင်ဒဏ် (၁၂)နှစ် ကျခံစေရန်နှင့် သိမ်းဆည်းရမိသည့် သက်သေခံငွေကျပ် ၄၅၀၀၀ အား ပြည်သူ့ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းပြီး နစ်နာသူ အမျိုးသမီးအား ထုတ်ပေးစေရန် မြောက်ပိုင်းခရိုင်တရားရုံးက ဒီဇင်ဘာ ၁၁ ရက်တွင် အမိန့်ချမှတ်လိုက်သည်။

ဖြစ်စဉ်မှာ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂၆ ရက် ညနေ ၆ နာရီခန့်တွင် လှိုင်သာယာမြို့နယ်နေ အသက် (၃၆)နှစ်အရွယ် တရားလို(မိခင်)သည် နေအိမ်သို့ပြန်လာရာ အသက်(၁၅)နှစ်အရွယ် သမီးအား မတွေ့၍ လှိုင်သာယာရဲစခန်း၌ လူပျောက်အမှတ်စဉ် ၁၄/၂၀၁၁ ဖြင့် အမှုဖွင့်ခဲ့သည်။ ထို့နောက် ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင် သမီးဖြစ်သူမှာ ဧရာဝတီတိုင်းဒေသကြီး မြို့တစ်မြို့ရှိ ကာရာအိုကေဆိုင်၌ ရောက်ရှိနေကြောင်း သိရှိရ၍ သွားရောက်ခေါ်ဆောင်မေးမြန်းရာ မအိစံတို့မှ အလုပ်ရှာပေးမည်ဟုပြောပြီး ယင်းဆိုင်တွင် စားပွဲထိုးအဖြစ်လုပ်ကိုင်စေခဲ့ကြောင်း သိရှိရ၍ အမေဖြစ်သူက တိုင်ကြားသဖြင့် လှိုင်သာယာရဲစခန်းက(ပ) ၂၁၆/၂၀၁၁ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ အရ အရေးယူခဲ့သည်။

သက်ဆိုင်ရာက အမှုအား စုံစမ်းစစ်ဆေးပြီး ဥပဒေအကြံပြုချက် တောင်းခံခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် ဥပဒေရုံးမှ ၂၀၁၁ ခုနှစ် မတ် ၃၀ ရက်တွင် အမှုမှ အခြားသူ သုံးဦးအား ပုဒ်မ ၃၆၃ အရ သီးခြားတရားစွဲဆိုရန်နှင့် မအိစံ(ခ)မအေးအေးထက်အား လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေအရ တရားစွဲဆိုသင့်ကြောင်း အကြံပြုပြန်ကြားခဲ့သည်။ထို့ကြောင့်ယင်းအမှုကို မြောက်ပိုင်းခရိုင် တရားရုံးသို့ တရားစွဲဆိုတင်ပို့ရာ ပြစ်မှုကြီး အမှတ် ၅၁/၂၀၁၁ ဖြင့် လက်ခံစစ်ဆေးပြီး အမိန့်ချမှတ်လိုက်ခြင်းဖြစ်သည်။ **(၃၁)**

မကွေးခရိုင်တရားရုံးက လူသတ်မှု အမိန့်ချမှတ်

တောင်တွင်းကြီး ဒီဇင်ဘာ ၃၁

မကွေးခရိုင် တရားသူကြီးရုံးက တောင်တွင်းကြီးမြို့နယ် ယာကြီးတောအုပ်စု အောင်မြင်သာကျေးရွာနေ အောင်မင်းအား လူသတ်မှုဖြင့် အလုပ်နှင့်ထောင်ဒဏ် (၇)နှစ် ကျခံစေရန် ဒီဇင်ဘာ ၂၇ ရက်က အမိန့်ချမှတ်လိုက်ကြောင်းသိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂၈ ရက်ည ၈ နာရီခန့်က ယာကြီးတောအုပ်စု အောင်မြင်သာကျေးရွာနေ မခင်ကြူသည် ယောက္ခမဖြစ်သူ ဒေါ်သန်းညွန့်၏ နေအိမ်အတွင်းရှိနေစဉ် ခင်ပွန်းဖြစ်သူ အောင်လင်းနှင့် ၎င်း၏ညီဖြစ်သူ အောင်မင်းတို့ အရက်မူးပြီး တစ်ယောက်တစ်ခွန်းစကားများရာမှ အောင်မင်းက ခင်ပွန်းဖြစ်သူအား ဓားဖြင့် ခုတ်သတ်သဖြင့် အောင်လင်းသေဆုံးသွားသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ မခင်ကြူမှ ၎င်း၏ခင်ပွန်းဖြစ်သူ အောင်လင်းအား ဓားဖြင့်ခုတ်သတ်သူ အောင်မင်း(၃၅)နှစ် ယာကြီးတောအုပ်စု အောင်မြင်သာကျေးရွာနေသူအား ဥပဒေနှင့်အညီအရေးယူပေးပါရန် တရားလိုပြုတိုင်တန်းသဖြင့် ဆက်သွားရဲစခန်းက (ပ)၁၂၅/၂၀၁၂၊ ပြစ်မှုပုဒ်မ ၃၀၂ အရ အမှုဖွင့်အရေးယူထားပြီး အမှုစစ်ရဲအုပ်စခန်းမှူးထွန်းထွန်းအောင်က အမှုအား ရဲစွဲချက်အမှတ် ၁၂၄/၂၀၁၂ ဖြင့် မကွေးခရိုင် တရားသူကြီးရုံးသို့ ဩဂုတ် ၂၄ ရက်တွင် တရားစွဲတင်ပို့ခဲ့ရာတရားရုံးက ပြစ်မှုကြီးအမှတ် ၁၉/၂၀၁၂ ဖြင့် လက်ခံကြားနာစစ်ဆေးခဲ့ပြီး ပြစ်မှုထင်ရှားသဖြင့် တရားခံအောင်မင်း (၃၅)နှစ် ယာကြီးတောအုပ်စု အောင်မြင်သာကျေးရွာနေသူအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂(၂)အရ ဒီဇင်ဘာ ၂၇ ရက်တွင် အလုပ်နှင့်ထောင်ဒဏ် (၇)နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။ **(၅၈၀)**

စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

လားရှိုး ဒီဇင်ဘာ ၃၁

ဒီဇင်ဘာ ၂၇ ရက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ ရပ်ကွက်(၁) ရန်တိုင်းအောင် ဘုရားဝင်း ဆင်းရွှေလီ ကဇာတ်ရုံအနီး လားရှိုးခရိုင်ရဲအုပ် မောင်မောင်ဦးနှင့် အထူးမှုခင်းနှိမ်နင်းရေးအဖွဲ့ ပူးပေါင်းအဖွဲ့သည် မူးယစ်ဆေးဝါးရောင်းဝယ်မှုပြုလုပ်မည့် သတင်းအရ မသင်္ကာဖွယ်ရာ အမျိုးသားတစ်ဦးအား တွေ့ရှိရ၍ စစ်ဆေးမေးမြန်းရာ အောင်ကြာ(၄၅)နှစ် ကန်မိုင်းရွာ ကွမ်လုံမြို့နေသူဖြစ်ကြောင်း သိရှိရပြီး သက်သေများရှေ့၌ ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ၎င်း၏ခါး၌ ပတ်ထားသည့် ခါးပတ်အိတ်(နီညိုရောင်)အတွင်းမှ ကြွပ်ကြွပ်အိတ်(အမဲရောင်)အား တိတ်အကြည်များဖြင့် ပတ်လျက် ကမ္ဘာလုံးပုံပါ အပြာရောင်အိတ်အသေးအတွင်း၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ပါ လေးအိတ်နှင့် ၁၈၆ ပြားပါ တစ်အိတ်၊ စုစုပေါင်း ၉၈၆ ပြား၊ အလေးချိန် ၈၈ ဒသမ ၇၄ ဂရမ်နှင့် ရွှေဟုယူဆရသော အလေးချိန် ခုနစ်ရွေးခန့်ရှိ ရွှေအစ နှစ်စ၊ ရွှေဟုယူဆရသော လက်စွပ်နှစ်ကွင်း၊ အလေးချိန် (၅ပဲ ၆ရွေး)ခန့်၊ ရွှေဟုယူရသော ခရုနန်း သံကွင်းပတ် ဟမ်းချိန်းတစ်ခု အလေးချိန် (၇ ပဲ ၅ရွေး)ခန့်တို့အား တွေ့ရှိသိမ်းဆည်း ရမိခဲ့သည်။

စိတ်ကြွရူးသွပ်ဆေးပြားများလက်ဝယ်တွေ့ရှိ သိမ်းဆည်းရမိခဲ့သည့် အောင်ကြာ(၄၅)နှစ်၊ ကန်မိုင်းရွာ၊ ကွမ်လုံမြို့နေသူအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇာဏီအောင်(လားရှိုး)

အများပြည်သူဝန်ဆောင်မှု သတင်းစာအုပ်ချုပ်ရေးအဖွဲ့ (Public Service Media Governing Body) က ရေးသားပြုစုထားသော -

- စာနယ်ဇင်းကျင့်ဝတ် (Code of Ethics)
- အများပြည်သူဝန်ဆောင်မှုသတင်းစာဆရာများ၏ လုပ်ငန်းဆောင်ရွက်ပုံ စည်းမျဉ်းများ (Code of conduct)
- သတင်းစာတိုက်၏ အခြေခံလုပ်ဆောင်မှု (Code of Practice)တို့ကိုစုစည်း၍ မြန်မာ/အင်္ဂလိပ်နှစ်ဘာသာဖြင့် ဖော်ပြထားသည့် စာအုပ်ထွက်ပြီ။

၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁ ရက်နေ့မှစ၍ ဝယ်ယူနိုင်ပြီ

လေ့လာဖတ်ရှုလိုသူများအနေဖြင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်အမှတ် (၂၁၂) သိမ်ဖြူလမ်း ရန်ကုန်မြို့၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉) ကုန်သည်လမ်း ရန်ကုန်မြို့နှင့် စာပေဗိမာန်အရောင်းဆိုင် သပြေကုန်းဈေး နေပြည်တော်တို့တွင် တစ်အုပ်လျှင် တန်ဖိုးငွေကျပ် ၁၀၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ဆိုင်ကယ်ပေါ်မှ ပြုတ်ကျသေဆုံး

မြင်းမူ ဒီဇင်ဘာ ၃၁

မြင်းမူမြို့နယ် ကန်တော်ရွာနှင့် ထီးဆောင်းရွာအကြား မိုင်တိုင်အမှတ်(၃/၅)နှင့် (၃/၆)ကြားတွင် ရှောက်ပင်ရိုးအုပ်စု ကျည်တောက်ပေါက်ကျေးရွာ စဉ့်ကူးမြို့နယ်နေ ကိုမောင်စိုး (ခ) ဦးအားဟွာ (၄၇)နှစ် (ရွှေလုပ်ငန်းလုပ်သူ) မောင်းနှင်သော ၃၀ယ/----- နယူးအန်ဘို ငှက်ခါးရောင်ဆိုင်ကယ်သည် တစ်ရွာတည်းနေ ဒေါ်မာ(၆၅)နှစ်အား တင်ဆောင်ပြီး မောင်းနှင်လာရာ မြင်းမူမြို့ ကန်တော်ရွာအလွန်တွင် နောက်မှလိုက်ပါစီးနင်းလာသူမှာ ဆိုင်ကယ်ပေါ်မှပြုတ်ကျပြီး ဦးခေါင်းနောက်စေ့တွင် တစ်လက်မခန့် ပေါက်ပြဲပြီး မြင်းမူဆေးရုံသို့ရောက်ရှိပြီး သေဆုံးသွားခဲ့သည်။ ယာဉ်မဆင်မခြင်မောင်းနှင်သူအား ဦးအားဟွာအား မြင်းမူရဲစခန်းက (ပ)၂၄၆/၂၀၁၂၊ ပြစ်မှုပုဒ်မ ၃၀၄(က)အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(၆၉၄)**

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း
ဗဟိုကော်မတီဝင်အဖြစ် အဆိုပြုရန်ရက် ထပ်မံတိုးမြှင့်ခြင်း

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းသည် အင်ဂျင်နီယာပညာရပ် တိုးတက်ပြန့်ပွားရေးလုပ်ငန်းများ ဆောင်ရွက်ရန်ချမှတ်ထားသည့် ရည်ရွယ်ချက်နှင့်အညီ အသင်း၏ ဗဟိုကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များ ပါဝင်သော အထူးကော်မတီများ၊ လုပ်ငန်းအဖွဲ့ ဖွဲ့စည်းကာ နည်းပညာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာတွင် အင်ဂျင်နီယာပညာရပ်ဆိုင်ရာ တိုးတက်ရေးလုပ်ငန်းများ အောင်မြင်စွာလုပ်ဆောင်နိုင်ရန်အတွက် စိတ်ပါဝင်စားစွာ ပါဝင်ဆောင်ရွက်ပေးနိုင်မည့် ဗဟိုကော်မတီဝင်များကို အသင်းမှ ဖိတ်ခေါ်ပါကြောင်းနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၏ ၂၀၁၃ခုနှစ်၊ ဇန်နဝါရီလ ၁၂ရက်တွင် ကျင်းပပြုလုပ်မည့် နှစ်ပတ်လည်အသင်းသားစုံညီညီလာခံတွင် သင်းဖွဲ့စည်းမျဉ်းအရ (၂)နှစ်တစ်ကြိမ်ပြုလုပ်သည့် (၂၀၁၃-၂၀၁၄)ခုနှစ်သက်တမ်းအတွက် ဗဟိုကော်မတီဝင်များ ရွေးချယ်ခြင်းကိုပါ ပြုလုပ်မည်ဖြစ်ပါသဖြင့် ဗဟိုကော်မတီဝင်အဖြစ် အဆိုပြုလိုသူများသည် အသင်းတွင်သတ်မှတ်ထားသော အဆိုပြုလွှာကို ထုတ်ယူပြီး ၃-၁-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၅နာရီ နောက်ဆုံးထား၍ ဖြည့်စွက်ပြီးအဆိုပြုလွှာကို မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ တက္ကသိုလ်များ(လှိုင်နယ်မြေ)၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့သို့ ပေးပို့နိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ရုံးအဖွဲ့မှူး၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ ဖုန်းနံပါတ်-၅၁၉၆၇၆၊ ၅၁၉၈၅၄သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

To Open Mind and Knowledge of Society
MYANMAR NEWSWEEK JOURNAL
နောက်ဆုံးရပြည်တွင်းပြည်ပသတင်းစုံလင်စွာဖြင့် အင်္ဂါနေ့တိုင်းထွက်ပြီ

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ဦးစွံ(ခ)ဦးကျင်စွံ၏ ၁-၁-၂၀၁၃ရက်တွင် ကျရောက်သော မွေးနေ့မင်္ဂလာမှ နောင်နှစ်ပေါင်းများစွာ စိတ်ချမ်းသာခြင်း၊ ကိုယ်ကျန်းမာခြင်း၊ အလုံးစုံပြည့်စုံပြီး ချစ်သောမိသားစုနှင့်အတူ ပျော်ရွှင်ချမ်းမြေ့သောဘဝကို လျှောက်လှမ်းနိုင်ပါစေ . . .

ဦးမြသောင်း-ဒေါ်သန်းရွှေ (၅၅)လမ်း

ဦးနိုင်ဝင်း၊ ဦးကိုကိုစိုး
အားသစ် ဒုရဲအုပ် ဝင်ခွင့်
(A)Sat, Sun 9:00 (am)-12:00(am) (5.1.2013)စမည်
(A)Sat, Sun 12:00 (pm)-4:00(Pm) (5.1.2013)စမည်
(C)Tues to Fri 5:00 (pm)-6:30(pm)(8.1.2013)စမည်
သင်တန်းကြေး - ၃၀၀၀၀ ကျပ်
၁၄၈(၄လွှာ)ဆိပ်ကမ်းသာလမ်း(အောက်)ပန်းဆိုးတန်းမှတ်တိုင်
09 500 1599,09 4500 174 15, 09 8632973

ရွှေညောင်ဦးမင်း
ပုပ္ပါး-ပုဂံ-စွယ်တော်(၄)ဆူ၊ ပြည်(၅)ပြည်
ဟိုတယ်တည်း/စားငြိမ်း အထူးနှုန်း 55000/-
ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဉ်)
09421122687,09425355758

သတိုးမင်း Travels & Tours
ကျိုက်ထီးရိုး - 12000/- Scania Only (VIP Seat 2 + 1)
ချောင်းသာ - 15000/- လေယာဉ်ထိုင်ခုံကားသစ်ကြီးများဖြင့် နေ့စဉ် နံနက်/ည ပုံမှန်ပြေးဆွဲပေးသွားပါမည်။
PH - 09 73143249, 09 73252239, 09 73252240

AKM TRAVELS
• ကျိုက်ထီးရိုး (နေ့စဉ်)
• ချောင်းသာ (နေ့စဉ်)
• ငွေဆောင် (သောကြာ)
09-49001557, 09422456025

ASIA KING 01-387973, 09-43114301
Dec 28, Jan 3,4,11,18,25 ထွက်မည် ကျိုက်ထီးရိုး (နေ့စဉ်) ချောင်းသာ
❖ မန္တလေးဘုရားစုံ၊ ပြင်ဦးလွင်အနှံ့ (သီးသန့်ခရီးစဉ်) Hotel 55000
ဆက်၍- စစ်ကိုင်း၊ မုံရွာ၊ အလောင်းတော်ကဿပ Guest 65000
❖ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကုံလုံ၊ ထမ့်ဆမ်း Package 75000
❖ ပုဂံ၊ ပုပ္ပါး(စွယ်တော်လေးဆူ) 55000 ❖ အလောင်းတော်ကဿပ (သီးသန့်) 45000
❖ မော်လမြိုင်၊ ကျိုက္ခမီ၊ စက်ခဲ 25000 ❖ ဇလွန် (တနင်္ဂနွေ) 12000

ကွန်ကော့ဒ်
M.O.B အသစ်
လက်တောက်မန်နေဂျာဝင်ခွင့်
အထောက်အကူပြုသင်တန်းများ
5.1.13 ရက်နေ့စမည်
Sat, Sun - 1:00 - 4:00 PM
သင်တန်းကြေး - 40000 Ks
GMAT နှင့် BASIC ACCOUNTING ကိုတိကျစွာသင်ကြားပေးပါသည်။

ရွှေထူးလွင် ဘုရားဖူးပို့ဆောင်ရေး
ကျိုက်ထီးရိုး (နေ့စဉ်) (၈၀၀၀/-, ၁၀၀၀၀/-) (ချောင်းသာ - စားတည်းငြိမ်း ၂၅၀၀၀/-)
ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး (၃/၅)ရက်ဆက်၍မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ (၅) ရက်၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ (၅) ရက် အားလုံးပါ ဘုရားစုံ (၁၀) ရက်။ ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊ မန္တလေး၊ ပြင်ဦးလွင် (၅) ရက်၊ လားရှိုး၊ မူဆယ်၊ ရွှေလီ (၇) ရက်၊ မော်လမြိုင်၊ ကျိုက္ခမီ၊ စက်စဲ (၃) ရက်။ ငွေဆောင်၊ ဇလွန်။
အမှတ် (၄၄၄/၁)၊ မြေညီထပ်၊ ရွှေဘုံသာအထက်လမ်း၊ Ph : 09450044494, 09450044496, 377921

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (သောကြာ)
Ph:209200,430480,544383

ခေါင်းငွေ့လွှမ်းချင်း
အတွေးအမြင်
ဒေါင်းစာစဉ်
အမှတ် ၂၅ ဇန်နဝါရီလ ထွက်ပြီ

heart to heart
ကျန်းမာရေး၊ အနုပညာ နှင့် သုတ၊ ရသ ဂျာနယ် ထွက်ပြီ။
– ၂၀၁၃ ခုနှစ် အကယ်ဒမီမြင်ကွင်းစုံ
– အမျိုးသားများအား အဓိကအသက်ဆုံးရှုံးစေနိုင်သော ဘေးအန္တရာယ် ခုနစ်သွယ်
– ဗို/မ ကွဲလွဲချက်များကို သိပ္ပံနည်းကျ ဘယ်လိုညှိနှိုင်းပေါင်းစည်းမလဲ . .
– ထူးထွေဆန်းပြား နိုင်ငံတကာ သတင်းများ – ညို့မျက်ဝန်းရဲ့အလှအပတရား
– ဖုန်းရှေ့အဆောင် လာဘ်ကောင်လေးများ
– သရုပ်ဆောင်ပညာကို သေချာလေ့လာပြီးမှ ဇာတ်ကားတွေမှာ သရုပ်ဆောင်သွားမယ် ဆိုတဲ့နန်းခင်ဇေယျာ. . . စသည် . .စသည်ဖြင့် ဖတ်ချင်စရာ ကဏ္ဍစုံလင်စွာ ဝေဝေဆာဆာ မြန်မာပြည်အနှံ့သို့ ၁-၁-၂၀၁၃ နေ့မှစ၍ ဖြန့်ချိလိုက်ပါပြီ။

အခန်းဆက်ဝတ္ထု

နွေကန္တာဦး

တက္ကသိုလ် ဘုန်းနိုင်

(ယမန်နေ့မှအဆက်)

သူက သက်ပြင်းရှိုက်ရင်း အမှန်ကို ဝန်ခံ၏။

'နုငယ်ကို ကိုယ်စကားစပြောရမှာ ကြောက်တယ်ကွယ်"

"ဘာ. . . နုငယ်ကို ကိုယ်က ကြောက်တယ်"

"ဟုတ်တယ်လေ၊ ကျောင်းမှာ နုငယ်ကို ကိုယ်စကား စလာပြောတိုင်း နုငယ်ကမှ မကြိုက်ဘဲ"

နုနုငယ်က အတန်ကြာ ငြိမ်နေ၏။ ထိုနောက်မှ ရယ်၏။

"ဟုတ်တယ်လေ၊ ကျောင်းမှာက ကိုယ်တို့က ကြောက်စရာ ကောင်းတယ်"

"ဘယ်လို၊ ကိုယ်တို့က ကြောက်စရာကောင်းတယ်"

"အင်းလေ၊ ကိုယ်တို့အားလုံးကို နုငယ်ကြောက်လိုက်တာ"

"အို. . . ကိုယ်တို့အားလုံးကို နုငယ် ကြောက်တယ်၊ ဘာဖြစ်လို့"

"ကိုယ် မြန်မာစကား မတတ်ဘူးလား၊ ကိုယ်တို့အားလုံးကို နုငယ် ကြောက်တာက ကြောက်လို့ပေါ့"

"ဩော်. . ."ဟု ဆိုပြီး နှင်းငွေ ရယ်မည်ကြံ၏။ သို့ရာတွင် မရယ်ဝံ့။

"ဒါပေမယ့် ဒီမှာတော့ ကိုယ့်ကို နုငယ် မကြောက်ပေါင်၊ ဒီမှာ နုငယ်ကို ကိုယ်စ စကားပြောပေါ့၊ ဒီမှာ နုငယ်ကို အားလုံး ကစ စကားပြောကြတယ်"

"ဒီမှာ နုငယ်ကို အားလုံးက စ စကားပြောကြတယ်၊ ဘယ်သူတွေတုန်း နုငယ်"

နုငယ်က ရေအိုင်ဆီ လက်ညှိုးညွှန်ပြသည်။

ရေအိုင်တွင်း၌ လက်ပံပွင့်များသာ ရှိနေကြ၏။

နုနုငယ်က မြေပြင်မှ လက်ပံပွင့်တစ်ပွင့်ကို ကောက်ယူ ကိုင်သည်။

"ဩော်. . . လက်ပံပွင့်လေးတွေနဲ့ နုငယ် စကားပြောသလား"

နုနုငယ်က ဘာမျှပြန်မဖြေ။ လက်တွင်းမှ လက်ပံပွင့်ကိုသာ ရေအိုင်ပေါ်သို့ ရွရွလေးကျအောင် ချလိုက်၏။

နုနုငယ်ကို နှင်းငွေ အံ့သြသွား၏။ ကျောင်း၌မူ အကွာရာ သချာ တော်လွန်းသောကြောင့် နုနုငယ်ကို သူအံ့သြခဲ့ရသည်။ ယခုမူ စိတ်ကူးယဉ်လွန်းသူကလေးအဖြစ် အံ့သြရပြန်သည်။

> "ကိုယ် တောင်းပန်ပါတယ် နုငယ်၊ ဟုတ်တယ်လေ ကိုယ်က နည်းနည်း တစ်ကိုယ်ကောင်းဆန်သွားတယ်၊ အမှန်က နုငယ်ကို ခင်လွန်းလို့ ကိုယ်တွေ့ချင်တာနဲ့ ပြောမိတာပါ၊ နုငယ်ဘက်က ကိုယ် မတွေးမိဘူး၊ ကိုယ်မှားပါတယ် နုငယ်၊ ကိုယ့်အတွက် ဘယ်လိုမှ နုငယ် စိတ်မချမ်းမသာ မဖြစ်စေချင်ဘူး၊ ကျေနပ်ပြီလား နုငယ်"

"ဒါထက် ဟိုတစ်နေ့က နုငယ်တို့ အိမ်ပေါ်က ပီယာနိုသံ ကြားတယ်၊ ဘယ်သူတီးသလဲ၊ နုငယ် တီးသလား"

နုနုငယ်က မျက်မှောင်လေးတွန့်၍ သူ့ကို တစ်ချက်ကြည့်ပြီး ပြန်မေး၏။

"ကိုယ် ဘယ်က ကြားသလဲ"

"ဒီကပဲ ကြားတာပေါ့၊ အဲဒီနေ့က ကိုယ် ဒီခင်တန်းဆီ ရောက်ခဲ့သေးတယ်၊ နုငယ်ကို ကိုယ်ပြောပြပြီးပြီပဲ"

နုနုငယ်သည် တွေတွေလေး ငြိမ်နေပြီးမှ ညင်သာစွာ မေးသည်။

"ကိုယ် ပီယာနိုသံပဲ ကြားသလား၊ တခြား ဘာသံကြား သေးသလဲ"

နှင်းငွေ မသိမသာ တုန်လှုပ်သွားသည်။ ဟိုတစ်နေ့ ညနေက နုနုငယ်တို့ခြံတွင်း သရက်ပင်ကြား၌ တွေ့ခဲ့ရသော ကြောက်မက်ဖွယ် မျက်နှာကြီးကို သွားသတိရ၏။ မျက်နှာကြီးထံမှ ထွက်လာသော အသံကိုလည်း အမှတ်ရမိ၏။

"နုငယ် ဘာမေးတာလဲ"

"ငိုသံကော ကြားသေးလားလို့ပါ"

"ဘာရယ် . . . ငိုသံ၊ ဟုတ်လား နုငယ်"

"ဟုတ်တယ်၊ နုငယ် ငိုသံလေ၊ ပီယာနိုတီးရင်းနုငယ်ငိုတာပဲ၊ ဘာလို့လဲဆိုတော့ ပီယာနိုကြီးကလဲ ငိုတာပဲလေ၊ သူက ဘယ်မှ မသွားနိုင်တဲ့ သတ္တဝါကြီးကိုး၊ သူ့လောက် မဆိုးပေမယ့် နုငယ် ကလဲ ဘယ်မှ မသွားနိုင်ဘဲကိုး"

နှင်းငွေက ကရုဏာသက်စွာနှင့် နုနုငယ်ကို မော့ကြည့် သည်။ နုနုငယ်ကမူ ရယ်ပြုံးနေ၏။

"စိတ်မဆိုးနဲ့နော် နုငယ်၊ နုငယ်တို့ဖေဖေက သိပ်ဆိုးသလား"

နုနုငယ် ငိုင်ကျသွား၏။ ထို့နောက် ဖြည်းလေးစွာ ဖြေသည်။

"သိပ်ဆိုးတယ်၊ သိပ်လဲ ကြောက်ဖို့ကောင်းတယ်၊ ဒါပေမယ့် နုငယ်ကို သူ သိပ်ချစ်ပါတယ်"

"နုငယ် မေမေကကော"

မေးမိပြီးမှ မိမိစကားမှားသွားကြောင်း နှင်းငွေသတိရသည်။ နုနုငယ်တို့ မေမေဆုံးခဲ့ပြီဖြစ်ကြောင်း ညွှန့်မေထံမှ သူသိခဲ့ပြီး ဖြစ်၏။

ဤအကြိမ်တွင်မူ နုနုငယ် အတန်ကြာစွာ ငိုင်နေ၏။ ခေါင်းလေးမော့လာ၍ ပြန်မေးချိန်တွင် မျက်လုံးများ၌ မျက်ရည်တို့ ပြည့်နေ၏။

"ကိုယ့်မှာ မေမေရှိသလား"

"ရှိပါတယ် နုငယ်"

"ကိုယ့်ကို ကိုယ့်မေမေက ချစ်သလား"

"သိပ်ချစ်တာပေါ့ နုငယ်၊ သိပ်လဲ အလိုလိုက်တယ်၊ ဘာဖြစ် လို့လဲ နုငယ်"

နုနုငယ်က ခေါင်းကို ဖြည်းလေးစွာခါသည်။

"နုငယ်မှာ မေမေ မရှိဘူး"

"ဩော်" နှင်းငွေသည် ရေရွတ်လိုက်ပြီးနောက် အကြင်နာဆုံး လေသံနှင့်မေးသည်။

"နုငယ်တို့ မေမေက ဟို ဟိုဒင်း ဆုံးသွားပြီလား နုငယ်"

နုနုငယ်က မဲ့ပြုံးပြုံးပြီး ဖြေ၏။

"ဟင့်အင်း မဆုံးသေးပါဘူး၊ ဒါပေမယ့် မေမေက နုငယ်နဲ့လဲ မနေဘူး၊ ဖေဖေနဲ့လဲ မနေဘူး၊ သူက တခြားမှာ"

သူက တခြားမှာ။ ဤစကားကို ရေရွတ်လိုက်သော နုနုငယ်၏ အသံကိုယ်နှိုက် ဝေးလံခြင်း အနက်အဓိပ္ပာယ်ကိုပြည့်ဝစွာ ဆောင်နေ၏။

သူ ငိုင်နေခိုက် နုနုငယ်က မေးသည်။

"ဘယ်နှနာရီ ထိုးပြီလဲ ကိုယ်"

နှင်းငွေက လက်ပတ်နာရီကို ငုံ့ကြည့်ပြီး ဖြေ၏။

"ငါးနာရီ ထိုးတော့မယ် နုငယ်"

"ဒါဖြင့် ဖေဖေ ပြန်လာခါနီးပြီ၊ နုငယ် ပြန်တော့မယ် ကိုယ်"

နုနုငယ်က နေရာမှ ထလိုက်၏။

သူက မတားမြစ်နိုင်၊ ပူတော့ ပူဆာမိ၏။

"ပြန်ချင်ပြန်တော့ နုငယ်၊ ဒါပေမယ့် ကျောင်းပိတ်မှ ဒီနေရာကို ကိုယ်လာတာ ငါးကြိမ်ရှိပြီ၊ နုငယ်နဲ့ အခုတစ်ကြိမ်ပဲ ဆုံမိတယ်၊ နုငယ်ကို ကိုယ် အမြဲတွေ့ချင်တယ်၊ ဘယ်တော့ လာရ ဦးမလဲ နုငယ်"

နုနုငယ်က မျက်လွှာပင့်၍ သူ့ကိုကြည့်သည်။

"ကိုယ်က ဘာလို့ လာမှာလဲ"

"ဩော်. . . နုငယ်ရယ်၊ နုငယ်ကို တွေ့ချင်လို့ပေါ့၊ ကိုယ့်ကို နုငယ် မလာစေချင်ဘူးလား"

နုနုငယ် ငိုင်ကျသွားပြန်၏။ အတန်ကြာမှ မျက်နှာလေးက မော့လာပြီး ခေါင်းခါ၏။

"အို. . . ကိုယ့်ကို မလာစေချင်ဘူး၊ ဟုတ်လား နုငယ်"

နုနုငယ်က သူ့ကိုစိုက်ကြည့်နေ၏။

ဤမျက်လုံးများကမူ သိမ်မွေ့နေ၏။ ပျော့ပျောင်းနေ၏။ အားငယ်နေ၏။ ကြင်နာနေ၏။ ရွှန်းလဲ့ရီ တစ်ဖုံ၊ ညှိုးမှိန်အံ့တစ်ချီ ရှိ၏။

နုနုငယ်သည် ရယ်ခြင်းနှင့် သက်ပြင်းရောလျက် ဆို၏။

"လာစေချင်ပါတယ် ကိုယ်ရယ်၊ ဒါပေမယ့် နုငယ်နဲ့ တွေ့တာ ကိုယ် ကံဆိုးတာပဲ"

"ဘာပြောလိုက်တယ် နုငယ်"

"ကိုယ် မြန်မာစကား မတတ်ပြန်ဘူးလား၊ နုငယ်နဲ့ တွေ့တာ၊ ကိုယ် ကံဆိုးတာပဲလို့"

သူက ဝင့်ကြွားစွာ ပြုံးလိုက်သည်။

"ကိုယ်ကတော့ ကံကောင်းတယ်လို့ပဲ ထင်နေတယ်"

နုနုငယ်ကလည်း ဘာကို သဘောကျသည် မသိ၊ လှိုက်လှဲစွာ ရယ်သည်။

"ကိုယ့်ဘာသာ ကိုယ်ထင်လေ"

နုနုငယ် ရယ်လေသောကြောင့် သူကလည်း လိုက်ရယ် သည်။

"ကဲ. . . နုငယ် သွားတော့မယ် ကိုယ်"

"နေဦးလေ ခဏ"

"ဘာလို့ နေဦး ခဏလဲ"

ယုန်ဖြူမလေးက သဘောကောင်းနေ၏။ ထိုအခါ သောနတ္ထိရဲ ကလေးကလည်း ရဲဝံ့လာသည်။

"ကိုယ် ဘယ်တော့လာရဦးမလဲ"

"ကိုယ်လာချင်တဲ့အချိန် လာပေါ့"

"ကိုယ်လာရင် နုငယ် လာတွေ့မလား"

"ကိုယ်ပြောသလို ကိုယ်ကံကောင်းရင် နုငယ်နဲ့ တွေ့ရမှာ ပေါ့"

"ကိုယ် ကံကောင်းဖို့က နုငယ်အပေါ် တည်နေတာပဲ"

နုနုငယ်၏ ကိုယ်လေးတောင့်သွားသည်။ မျက်နှာလေး လည်း တည်သွားသည်။ အသံမမာ့တမာနှင့် ဆို၏။

"ကိုယ်သိပ်ဝိတာပဲ၊ သိပ်လဲ တစ်ကိုယ်ကောင်းဆန်တာပဲ၊ ဒီနေရာကို နုငယ် လာချင်တိုင်းလာလို့ရတယ်လို့ ကိုယ်ထင် သလား၊ ဒီလိုဆို ပီယာနိုကြီးနဲ့ ပြိုင်ပြီး နုငယ်က ဘာလို့ငိုနေရမလဲ၊ ကိုယ် ဒါကို သိရဲ့လား"

စကားဆုံးချိန်၌ နုနုငယ်၏အသံမှာ တုန်ယင်နေ၏။ မျက်နှာလေးမှာလည်း ငိုတော့မည်ရှိသည်။

နှင်းငွေသည် နုနုငယ်ကို အံ့သြစွာစိုက်ကြည့်နေမိသည်။ အံ့သြရာမှ စိတ်မကောင်းလည်း ဖြစ်သွား၏။

နှင်းငွေက ဝမ်းနည်းစွာ ပြော၏။ ဝမ်းနည်းစွာ ပြောသော် လည်း သူ့အသံ၌ ဝမ်းနည်းမှုပါမသွားရန် သတိထား၏။

"ကိုယ် တောင်းပန်ပါတယ် နုငယ်၊ ဟုတ်တယ်လေ ကိုယ်က နည်းနည်း တစ်ကိုယ်ကောင်းဆန်သွားတယ်၊ အမှန်က နုငယ်ကို ခင်လွန်းလို့ ကိုယ်တွေ့ချင်တာနဲ့ ပြောမိတာပါ၊ နုငယ်ဘက်က ကိုယ် မတွေးမိဘူး၊ ကိုယ်မှားပါတယ် နုငယ်၊ ကိုယ့်အတွက် ဘယ်လိုမှ နုငယ် စိတ်မချမ်းမသာ မဖြစ်စေချင်ဘူး၊ ကျေနပ်ပြီလား နုငယ်"

နုနုငယ် အံ့ကြိတ်လိုက်သည်ကို သတိပြုမိ၏။ ဝိုင်းလည်နေသော မျက်လုံးများမှ မျက်ရည်ပေါက်များ လိမ့်ဆင်းလာသည်ကို လည်း မြင်ရ၏။

ချာခနဲ သူ့ကို ကျောခိုင်းလျက် နုနုငယ်သည် အိမ်ကြီးဆီသို့ ပြန်ပြေးသွားသည်။

နုနုငယ် ပျောက်ကွယ်သွားသည်အထိ စောင့်ကြည့်ရင်း သူက ခေါင်းခါကျန်ရစ်၏။ နားမလည်ပါ၊ နုနုငယ်ကို သူနားမလည် ပါ။

ခင်တန်းအတိုင်း ဖြည်းညင်းစွာ သူ လျှောက်ပြန်လာခဲ့၏။

သတိထားမိသည်မှာ အတော်ပင်တည်း။

ရွာဘက်မှ မြင်းလှည်းသည် အပြေးပြန်လာနေ၏။

(ဆက်လက်ဖော်ပြပါမည်။)

(၄၈)နှစ်ပြည့်မင်္ဂလာနှစ်ပတ်လည်ဆုတောင်း

ချစ်ဖေဖေ **ဝဏ္ဏကျော်ထင် ဦးလှမြင့်ဦး**(ပြည်သူ့လွှတ်တော်)နှင့် ချစ်မေမေ **ဒေါ်အေးအေးမြင့်**တို့၏ ၁-၁-၂၀၁၃ ရက်တွင် ကျရောက်သော(၄၈)နှစ်ပြည့် မင်္ဂလာရက်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်စွာသော သားသမီး၊ မြေးများနှင့် ကျန်းမာပျော်ရွှင်ချမ်းမြေ့စွာ အမျိုးဘာသာ၊ သာသနာအကျိုး၊ သယ်ပိုးနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်သားသမီးများ

ဒုတိယဗိုလ်မှူးကြီး ဝင်းမြင့်အောင်(ငြိမ်း)ပို့ဆောင်ရေး၊ ဒေါ်စန္ဒာဦး၊
ဒေါက်တာဥမ္မာဦး(ရန်ကုန်တက္ကသိုလ်)
ဦးနေလင်းဦး၊ ကုလသမဂ္ဂ(ESCAP)၊ ဒေါ်ဖြူသွယ်မော်

ချစ်မြေးကလေး - ဇွဲစည်သူဦး

အမြန်ရောင်းမည်(ပွဲစားမလို)

၁၅ ပေ ခုံးတံတားအောက်
နော်မံဘုန်းကြီးကျောင်းတိုက်နောက်လမ်း
ပေ(၂၀×၆၀)အကျယ်၊ အကွက်အမှတ်(၁၀)
ဂေါသကလမ်းနှင့် ဒေါနလမ်းထောင့်
နှစ်(၆၀)ဂရန်၊ မင်္ဂလာတောင်ညွန့်
သိန်း ၂၀၀၀ ကျပ် (ညှိနှိုင်းဈေး)
ဖုန်း-၀၉၇၃၁၆၆၁၀၀၊ ၀၉၄၂၀၂၈၇၂၂၆

မြေကြီး+အုတ်ကျိုး

စွန့်ပစ်ရန်(ချရန်)နေရာပေးမည်။
လှိုင်မြို့နယ်။
ဖုန်း-၀၉-၅၅၀၀၅၅၂

တပ်မတော်နည်းပညာတက္ကသိုလ်

ပထမအကြိမ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ ဖိတ်ကြားလွှာ

တပ်မတော်နည်းပညာတက္ကသိုလ်တွင် တာဝန်ထမ်းဆောင်ခဲ့သော အရာရှိကြီးများနှင့် ဆရာကြီး၊ ဆရာမကြီးများအား အာစရိယပူဇော်ပွဲနှင့် တာဝန်ထမ်းဆောင်ခဲ့သော အရာရှိများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းဆင်းအရာရှိများ မိတ်ဆုံညစာစားပွဲကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်ကျင်းပမည်ဖြစ်ပါသဖြင့် အခမ်းအနားသို့ တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် ။ ။ ၁၉-၁-၂၀၁၃ ရက် (စနေနေ့)
အချိန် ။ ။ ၁၈း၀၀ နာရီ
နေရာ ။ ။ သင်္ဂဟဟိုတယ်၊ နေပြည်တော်

အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲ ဖြစ်မြောက်ရေးကော်မတီ

၁။ ဗိုလ်မှူးစိန်မြင့်(ငြိမ်း)	ဖုန်း-၀၉-၅၀၆၉၁၁၃	၂။ ဗိုလ်ကြီးဘုန်းလင်းကြိုင်(ငြိမ်း)	ဖုန်း-၀၉-၄၄၄၀၂၂၁၀၃
၃။ ဗိုလ်ကြီးအောင်စိုးရ(ငြိမ်း)	ဖုန်း-၀၉-၅၀၆၈၉၆၀	၄။ ဗိုလ်ကြီးအောင်ကိုထိုက်(ငြိမ်း)	ဖုန်း-၀၉-၄၉၂၃၄၂၆၄
၅။ ဗိုလ်ကြီးငြိမ်းထက်သူ(ငြိမ်း)	ဖုန်း-၀၉-၄၉၂၃၉၁၄၄	၆။ ဗိုလ်ကြီးအောင်ကိုလတ်(ငြိမ်း)	ဖုန်း-၀၉-၄၀၁၅၅၆၀၅၆
၇။ ဗိုလ်ကြီးမိုးသူ	ဖုန်း-၀၉-၄၂၀၇၀၆၀၄၁	၈။ ဗိုလ်ကြီးရဲသွေး(ငြိမ်း)	ဖုန်း-၀၉-၂၄၀၀၃၂၇
၉။ ဗိုလ်ကြီးမင်းသုကျော်	ဖုန်း-၀၉-၂၀၃၇၆၈၂	၁၀။ ဗိုလ်ကြီးထက်အောင်	ဖုန်း-၀၉-၅၃၆၀၆၈၈

အခမ်းအနားသို့ အမှန်တကယ် တက်ရောက်နိုင်မည့် ကျောင်းဆင်းအရာရှိများ နာမည်စာရင်း ကြိုတင်ပေးပို့ပါရန်။

Happy New Year - 2013

နှစ်သစ်မင်္ဂလာဆုတောင်းလွှာ

KMO Classic Transportation Service နှင့်အတူ ခရီးသွားကြသော ခရီးသွားများအားလုံး၊ အကျိုးတူ ပူးပေါင်းလုပ်ကိုင်နေကြသော အဆင့်မြင့်ခရီးသွားကုမ္ပဏီများနှင့် လုပ်ငန်းရှင်များအားလုံး ဤနှစ်သစ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းများနှင့် ပြည့်စုံပြီး လုပ်ငန်းများ ဆတက်ထမ်းပိုး တိုးတက်အောင်မြင်ပါစေကြောင်း **KMO** မိသားစုမှ နှစ်သစ်မင်္ဂလာ ဆုတောင်း မေတ္တာ ပို့သအပ်ပါသည်။

ခရီးသွားများအား အစဉ်လေးစားလျက်
KMO မိသားစု
အဆင့်မြင့် ကားစီးငှားလုပ်ငန်း
Classic Transportation Service
Ph : 09 5380409, 09 5192878, 09 49317215

စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း
ဘီလပ်မြေစက်ရုံများအတွက် ဂေါ်ဒန်ကျောက်သယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ အမှတ်(၃၁)အကြီးစားစက်ရုံ(သရက်)၊ အမှတ်(၃၂)အကြီးစားစက်ရုံ (ကြံခင်း)နှင့် အမှတ်(၃၃)အကြီးစား စက်ရုံ(ကျောက်ဆည်)တို့အတွက် လိုအပ်သော ဂေါ်ဒန်ကျောက်များအား သီပေါမိုင်းဝမှ အဆိုပါစက်ရုံများသို့ သယ်ယူရေးလုပ်ငန်းအတွက် တင်ဒါပေးသွင်းရန် ခေါ်ယူအပ်ပါသည်။
တင်ဒါပိတ်မည့်ရက် - ၁၁-၁-၂၀၁၃ ရက်

၂။ သတ်မှတ်တင်ဒါပုံစံများကို ရုံးချိန်အတွင်း လာရောက်ရယူနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

ပစ္စည်းစီမံရေးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန
နေပြည်တော်၊ ရုံးအမှတ်(၄၁)၊ ဖုန်း-၀၆၇-၄၀၈၁၆၀၊ ၄၀၈၂၀၈

Car Rental
လချုပ်၊ခရီးစဉ်
ကားမျိုးစုံငှားရမ်း
နိုင်ပါသည်။
ယာဉ်ပိုင်ရှင်များ
လည်းဆက်သွယ်ပါ။
09 4200 56185, 73135 452

ကျိုက်ထီးရိုး (နေ့စဉ်)
OASIS
ချောင်းသာ (နေ့စဉ်)
အိမ်အရောက်လက်မှတ်ပို့ ဝန်ဆောင်မှု
09 503 8616, 09 5012452, 09 7310 3031

MHR

Developing **People** . Shaping **Future**

HUMAN RESOURCES INSTITUTE

၂၀၁၃ နှစ်သစ်မင်္ဂလာ နှုတ်ခွန်းဆက်လွှာ

MHR တွင် မေတ္တာစေတနာအပြည့်ဖြင့် သင်ကြားပို့ချလျက်ရှိသော အငြိမ်းစားပါမောက္ခချုပ် ဦးမော်သန်း၊ အငြိမ်းစားကထိက ဆရာကြီးဦးသိန်းအောင်၊ ဂုဏ်ထူးဆောင် ပါမောက္ခ ဆရာမကြီးဒေါ်လှမြင့်၊ အငြိမ်းစားဒုတိယပါမောက္ခချုပ် ဆရာကြီးဦးလှမင်း တို့ဦးဆောင်သော ဆရာ/ဆရာမများ၊ MHR ၏ Clients များဖြစ်ကြသည့်ကုမ္ပဏီများမှ ဥက္ကဋ္ဌ၊ အုပ်ချုပ်မှုဒါရိုက်တာ၊ ဒါရိုက်တာအဖွဲ့ဝင်များနှင့် ဝန်ထမ်းများ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့ များမှလုပ်ငန်းရှင်များနှင့် ဝန်ထမ်းများ၊ MDRI/CSIS ၏ Postgraduate Certificate in Peace Democracy and Development သင်တန်းအပတ်စဉ် (၁) နှင့် အပတ်စဉ် (၂)မှ ဆရာ/ဆရာမများ သင်တန်းဆင်းကျောင်းသား/ကျောင်းသူများ ၊ MHR ၏ ကျောင်းသား/ကျောင်းသူများကမ္ဘာ့နိုင်ငံအသီးသီးသို့ ဘွဲ့လွန်ပညာရပ်များဆက်လက်ဆည်းပူးရာတွင် ပညာသင်ဆုများရရှိအောင် အထူးကြိုးစားစီစဉ်ပေးသော ပညာရေးအတိုင်ပင်ခံ ဦးအောင်ကျော်ဆန်းနှင့်တကွ Crown Education မှ အဖွဲ့သားများ၊ ဖိတ်ကြားသမျှ အခမ်းအနားတိုင်းကို မပျက်မကွက်တက်ရောက်ကြပြီး မှတ်တမ်းတင်သတင်းများ ရိုက်ကူးထုတ်လွှင့်ပေးကြသော ဦးမျိုးမြတ်သူ၊ ဦးနိုင်သန်းနှင့် MRTV 4 အဖွဲ့သားများ၊ Sky Net အဖွဲ့သားများ၊ မြဝတီအဖွဲ့သားများ၊ကြော်ငြာဆိုင်ရာကိစ္စများတွင်မညည်းမညူစိတ်ရှည်သည်းခံစွာဆောင်ရွက်ပေးပြီး ဖိတ်ကြားသမျှ အခမ်းအနားတိုင်းကို မပျက်မကွက်တက်ရောက်သတင်းယူခဲ့ကြသော People မဂ္ဂဇင်း၊ ကြော်ငြာလမ်းညွှန်မဂ္ဂဇင်း၊ မြန်မာ့ဓနမဂ္ဂဇင်း၊ Faces မဂ္ဂဇင်း၊ မြင်ကွင်း မဂ္ဂဇင်း၊ Life Style မဂ္ဂဇင်း၊ CEO မဂ္ဂဇင်း၊ Fashion Image မဂ္ဂဇင်း၊ Idea မဂ္ဂဇင်း၊ The Myanmar Times၊ The Yangon Times ဂျာနယ်၊ Weekly Eleven ဂျာနယ်၊ Flower News ဂျာနယ်၊ The Voice ဂျာနယ်၊ မော်ဒန်ဂျာနယ်၊ Internet ဂျာနယ်၊ 7 Days ဂျာနယ်၊ လျှပ်တပြက်ဂျာနယ်၊ HR ဂျာနယ်၊ အခွင့်အလမ်းဂျာနယ်၊ 8 Days ဂျာနယ်၊ The Wall Street ဂျာနယ်၊ Yellow Pages, Myanmar Industrial & Commmercial Directory, Education Directory များမှ အယ်ဒီတာချုပ်များ၊ ဒုတိယအယ်ဒီတာချုပ်များ၊ တာဝန်ခံအယ်ဒီတာများနှင့် အယ်ဒီတာများ၊ သတင်းထောက်များ၊ ကြော်ငြာအဖွဲ့သားများ၊Perfect Image၊ လူထုမေတ္တာမိတ္တူ၊ ဇော်မိတ္တူ၊ Royal Express၊ Crystal Image၊ Stars Empire အဖွဲ့သားများ၊ UMFCCI နှင့် CIESF (Cambodia) အဖွဲ့တို့ ပူးပေါင်းစစ်ဆေးသော ဒုတိယအကြိမ်မြောက် National Level Business Plan (2012) ပြိုင်ပွဲတွင်လည်းကောင်း၊ Mulodo (Japan) နှင့် Success Language Centre တို့ပူးပေါင်းကျင်းပသော Business Plan ပြိုင်ပွဲတွင်လည်းကောင်း ပထမဆုများရရှိသော MHR ၏ ABE Graduate Diploma in Businesss Management အတန်းမှ ကိုနေလင်းအောင်၊ ကိုစိုးမိုးဦး၊ မသန့်သဇင်၊ European Union နှင့် SPA တို့ပူးပေါင်းကျင်းပသော Project Hub Yangon Start Up Cup ပြိုင်ပွဲတွင် ပထမဆုရရှိကြသော MHR ၏ ABE Higher Diploma in Businesss Management Part II အတန်းမှ မဖင်ဖင်ခိုင်၊ မအေးအေးချို၊ မငုဝါအောင်၊ မောင်စွမ်းထက်နောင်၊ အထူးဆုရရှိကြသော ကိုအောင်ပြည့်စုံ၊ ကိုမင်းသိန်းကျော်၊ ကိုကောင်းအိန်စိုး၊ ကိုဟိန်းစိုးလှိုင်၊ မနန်းဇာရည်လွင်၊ မဝတီမိုးစက်၊ MHR ၏ ABE သင်တန်းသား/သင်တန်းသူများကို စိတ်ရှည်သည်းခံစွာ လိုအပ်သမျှ မညည်းမညူကူညီဆောင်ရွက်ပေးကြသော British Council မှ မန်နေဂျာဒေါ်တင်ဝင်းကြည် ဦးဆောင်သော Exam Unit အဖွဲ့သားများ၊ ကမ္ဘာ့အမှတ်အများဆုံးဆုရှင်(၂၉)ဦး၊ ကမ္ဘာ့အမှတ်အများဆုံးဆုရှင်များနှစ်စဉ်ပေါ်ထွက်လာအောင် အထောက်အကူပေးကြသော Course Manager များ၊ Study Guide များ၊ MHR ၏ သင်တန်းအသီးသီးတွင် တက်ရောက်ခဲ့ကြသောသင်တန်းဆင်းများ၊ လက်ရှိတက်ရောက်လျက်ရှိသော သင်တန်းသား/သင်တန်းသူများနှင့် မြန်မာပြည်သူပြည်သားများအားလုံး စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာဖြင့် ယခုထက်ပို၍ ထူးချွန်ထက်မြက်အောင်မြင်ကြီးပွားကြပါစေကြောင်း MHR မိသားစုမှ ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

(ABE, UK) International Qualifications (6 months)

1. Business Management Diploma
2. Human Resource Management Diploma
3. Financial Management Diploma
4. Marketing Diploma
5. Travel, Tourism & Hospitality Diploma

Corporate Training Courses (2/3 full days)

1. Leadership Skills
2. Team Building Skills
3. Communication Skills
4. Negotiation Skills
5. Presentation Skills
7. Managing Time
8. Managing Conflict
9. Managing Change
10. Managing Crisis
11. Managing Risk

and many more ...

Public Training Courses (4 / 6 weeks Part Time)

1. Financial Management
2. Marketing Management
3. Human Resource Management
4. Key Account Management
5. Selling & Sales Management
6. Office Management

and many more ...

Management Consultancy Services

1. Development of Rules, Regulation, SOP etc.
2. Development of Corporate Strategy
3. Development of Employee Handbook, Manuals etc.
4. Development of Organisation Structures
5. Development of Job Description, Job Specification
6. HR Department Setup, HR Audit

and many more ...

abe
accredited college
since 1998

MHR : Room 905, 9th Floor, Thanzay Condo, Lanmadaw Street, Yangon. 395802, 216168, 707822, 095045551

MHR Centre II (LCCI & ACCA) : No. 35, Maupin Street, Sanchaung Township., 09 50 69915, 09 732 23777

MHR Centre III (Practical Accounting & Auditing) Building No. 9, Room 3(B), U Tun Lin Chan St, Heldan. 709836

MHR Centre IV (LCCI & ABE) : No. FC 31/32, 2nd Floor, Great Wall Shopping Centre, Mandalay. 09 91012932

KBZ BANK

ကမ္ဘောဇဘဏ်လီမိတက် ၏ (၉၂)–ခုမြောက်

မိတ္ထီလာဘဏ်ခွဲ (၂) ကို

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့တွင်

၁.၁.၂၀၁၃ (အင်္ဂါနေ့)၌ ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့်

ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း

မိဘပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ဆက်သွယ်ရန်လိပ်စာ

မိတ္ထီလာဘဏ်ခွဲ(၂)

အမှတ်–(၁၀၄)၊ တံတားဦးလမ်း၊ ပန်းတိမ်တန်းရပ်

မြို့မ(၄)ရပ်ကွက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်းဒေသကြီး။

ဖုန်း – (၀၆၄) ၂၅၈၉၁၊ ၂၅၈၉၂

ဖက်စ် – (၀၆၄) ၂၃၈၇၉၊ ၂၄၆၄၂

www.kbzbank.com

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စက်မှုလယ်ယာဦးစီးဌာန
ရိတ်သိမ်းခြွေလှေ့စက်မောင်းနှင်ထိန်းသိမ်းမှုသင်တန်းသားများခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ နေပြည်တော်ကောင်စီတွင် ဖွင့်လှစ်မည့် ရိတ်သိမ်းခြွေလှေ့စက်(Combine Harvester) မောင်းနှင်ထိန်းသိမ်းမှုသင်တန်းအား တက်ရောက်ရန် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ပြီး အသက်(၁၈)နှစ်ပြည့်ပြီးသူဖြစ်ရမည်။

(ခ) အနိမ့်ဆုံးပညာအရည်အချင်းမှာ(၈)တန်းဖြစ်ရမည်။

(ဂ) နေပြည်တော်ကောင်စီနယ်မြေအတွင်း နေထိုင်သူဖြစ်ရမည်။

၃။ သင်တန်းသားဦးရေ(၅၀)ဦးဖြစ်၍ သင်တန်းကာလမှာ(၂)လကြာမြင့်မည်ဖြစ်ပြီး ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလဆန်းတွင် သင်တန်းအား စတင်ဖွင့်လှစ်မည်ဖြစ်ပါသည်။

၄။ သင်တန်းတက်ရောက်နေစဉ် ကာလအတွင်း နေထိုင်စားသောက်စရိတ်နှင့် သင်တန်းစရိတ်များကို ဌာနမှ ကျခံပေးမည်ဖြစ်ပါသည်။

၅။ သင်တန်းပြီးဆုံးပါက စက်မောင်း(၅)အဆင့်ရှိ Combine Harvester ကျွမ်းကျင်ဝန်ထမ်းအဖြစ် စက်မှုလယ်ယာဦးစီးဌာနတွင် ခန့်ထားပေးမည်။ နေပြည်တော်ကောင်စီနယ်မြေအတွင်း စပါးရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်ပြီး ကွင်းဆင်းဆောင်ရွက်ရာတွင် ဝန်ထမ်းလစာအပြင် အပိုဆောင်းလုပ်အားခအဖြစ် တစ်ဧကလျှင် ကျပ်(၂၀၀၀)နှုန်း ခံစားခွင့်ရရှိမည် ဖြစ်ပါသည်။

၆။ လျှောက်လွှာနှင့်အတူ-

(က) သက်ဆိုင်ရာ မြို့နယ်ရဲစခန်းမှ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်။

(ခ) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ။

(ဂ) ပညာအရည်အချင်း ထောက်ခံချက်များအား ပူးတွဲတင်ပြရမည်။

၇။ လျှောက်လွှာများကို ၂၉-၁-၂၀၁၃ ရက် နောက်ဆုံးထား၍ အောက်ပါနေရာများတွင် လျှောက်ထားနိုင်ပါသည်။

(က) စက်မှုလယ်ယာဦးစီးဌာန(ရုံးချုပ်) ရုံးအမှတ်(၅၀)၊ နေပြည်တော်

(ခ) ခရိုင်ဦးစီးမှူးရုံး၊ နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့။

(ဂ) မြို့နယ်ဦးစီးမှူးရုံး၊ စက်မှုလယ်ယာဦးစီးဌာန၊ ပျဉ်းမနားမြို့။

(ဃ) မြို့နယ်ဦးစီးမှူးရုံး၊ စက်မှုလယ်ယာဦးစီးဌာန၊ လယ်ဝေးမြို့။

(င) မြို့နယ်ဦးစီးမှူးရုံး၊ စက်မှုလယ်ယာဦးစီးဌာန၊ တပ်ကုန်းမြို့။

(တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သင်တန်းတက်ရောက်လိုသူများအား အလားတူသင်တန်းများ ဆက်လက်ဖွင့်လှစ်ပေးသွားမည် ဖြစ်ပါသည်။)

၈။ အသေးစိတ်သိရှိလိုသည့်အချက်များရှိပါက စက်မှုလယ်ယာဦးစီးဌာန၊ ရုံးချုပ်၊ စီမံကိန်းဌာနခွဲ၊ ဖုန်းအမှတ်-၀၆၇-၄၁၀၂၄၆သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

စက်မှုလယ်ယာဦးစီးဌာန

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်စန်းစန်း (ကျောက္ကာရွာ)

အသက်(၇၄)နှစ်

ဦးအောင်သောင်း(ဝန်ကြီး-ငြိမ်း)-ဒေါ်ခင်ခင်ရီတို့၏ညီမ၊ ဒေါ်စန်းစန်း(ကျောက္ကာရွာ)သည် ၂၅-၁၂-၂၀၁၂ရက် (အင်္ဂါနေ့) နံနက် ၈နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ
စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ စက်မှုဝန်ကြီးဌာန

ကျေးဇူးတင်လွှာ

၂၄-၁၂-၂၀၁၂ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားခဲ့သော ဦးစောဂျင်မီ(ကွယ်လွန်)(မြန်မာ့မီးရထား)၏ဇနီး၊ နော်ထဲနိ(စ်)(တုံးတုံး)၊ နော်ဆဲဂေး(ပြုံးပြုံး)-စောကျော်မျိုး၊ နော်ဘွေခူ(ခ)Snow(မိတ်ဆွေမြန်မာM.F.F)-စောထူးသောတို့၏မိခင်၊ စောဖရေစ်တော၊ စောဆာသောထူးတို့၏အဘွား နော်စန်းမြင့်(Tulip)၏ ဈာပနကိစ္စအဝဝနှင့် ၂၆-၁၂-၂၀၁၂ရက် မြေသို့အပ်နှံခြင်းအစီအစဉ်၊ သုခကမ္ဘာဆေးရုံ၌ ဆေးကုသမှုခံယူချိန်တွင် ကြည့်ရှုကုသပေးသော ဆရာဝန်၊ ဆရာမ၊ ဝန်ထမ်းများအားလုံး၊ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ e.mail၊ Fax၊ တယ်လီဖုန်းအားဖြင့်ဖြစ်စေ သတင်းမေးမေတ္တာပြကြသူများ၊ အသင်းတော်အသီးသီးမှ ဆရာတော်များ၊ သာသနာနှင့် လူမှုရေးလုပ်ငန်းအဖွဲ့အစည်းများ၊ ရပ်နီးရပ်ဝေးမှ ဓမ္မမိတ်ဆွေများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် လုပ်ဖော်ဆောင်ဖက်များအားလုံးကို ခရစ်တော်၏ နာမတော်၌ အထူးကျေးဇူးတင်ရှိပါသည်။ **ကျန်ရစ်သူမိသားစု**

အယူခံမှုကို ကြားနာစစ်ဆေးရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်များထံသို့ အကြောင်းကြားစာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

၂၀၁၂ ခုနှစ်၊ တရားမအယူခံမှုအမှတ် - ၆၇၄ / ၆၇၅ / ၆၇၆

စရီသန်ဒါယူသပါဏီဘုရားကျောင်းဂေါပကအဖွဲ့
(၎င်းအတွက်တာဝန်ပေးအပ်ခြင်းခံရသူ ဦးဇော်မင်း) **အယူခံတရားလို**

ဦးစိန်သောင်း ပါ၈ နှင့်
ဒေါ်ခင်ထွေး ပါ၈
ဦးရာမဆာမိ ပါ၈ **အယူခံတရားပြိုင်များ**

၂၀၁၂ခုနှစ်၊ ဩဂုတ်လ၃ရက်စွဲပါ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၏ တရားမပထမအယူခံမှုအမှတ်-၃/၂၀၁၁၊ ၄/၂၀၁၁ နှင့် ၅/၂၀၁၁တို့၏ဒီကရီမှ အယူခံလျှောက်လွှာနှင့်ပတ်သက်၍ အယူခံတရားပြိုင် (၂)(၃)(၄) ဒေါ်နာဂမား၊ ဦးမောင်ချစ်၊ ဦးငယ်လေး၊ နှင်းပန်းလမ်း၊ ဂန္ဓမာလမ်း၊ ၅ရပ်ကွက်၊ ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(ယခင်လိပ်စာ၊ ယခုလိပ်စာမသိနေသူများ)သိစေရမည်။ ဤအမှုတွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၏ဒီကရီမှ အယူခံလျှောက်လွှာတစ်စောင်ကို တရားလွှတ်တော်ရှေ့နေ ဦးလှစိုးကတင်သွင်း၍ ဤရုံး၌ မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့် ထိုအယူခံလျှောက်လွှာကို ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၁၈ရက် နံနက် ၁၀နာရီတွင် ဤရုံးကချိန်းဆိုပြီးကြောင်း အကြောင်းကြားပါသည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ကိုယ်စား သင်၏တရားလွှတ်တော်ရှေ့နေကဖြစ်စေ၊ သို့မဟုတ် သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရ အာဏာလွှဲအပ်ထားသူ တစ်စုံတစ်ယောက်ကဖြစ်စေ ဤရုံးသို့မလာရောက်ခဲ့သော် သင်၏မျက်ကွယ်ရာတွင် ဤအမှုကို ဆုံးဖြတ်လိမ့်မည်။

၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်တွင် တံဆိပ်ရိုက်နှိပ်သည်။

အမိန့်အရ
အေးအေးသန်း(လက်ထောက်ညွှန်ကြားရေးမှူး)
တရားမတရားစီရင်ရေးဌာန၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်မမစိုး

တွဲဖက်ပါမောက္ခနှင့်ကထိက(ငြိမ်း)

လျှပ်စစ်စွမ်းအားအင်ဂျင်နီယာဌာန၊ ရန်ကုန်စက်မှုတက္ကသိုလ်

ညဘက် အဆောင်မှာ ကျောင်းစာများလေ့လာနေစဉ် ညီမများကို ဟာသမျိုးစုံ သရုပ်ပြပြီး ပျော်ရွှင်စေခဲ့သော မမစိုး ကျောင်းသူများ ပျော်ရွှင်ရယ်မောသံ ဆူညံ၍ လာရောက်စစ်ဆေးကြည့်ရှုသော အဆောင်မှူးအား ညီမလေးတွေ စာတွေပိပြီး မပျော်နိုင်လို့ ပျော်ရွှင်စေချင်လို့ ရယ်မောစရာ ဟာသလေးတွေ လုပ်ပြနေတာပါမမရယ် ခွင့်လွှတ်ပေးပါလို့ ကာကွယ်ပြောပေးတတ်သော မမစိုး ညီမတို့နှင့် ထာဝရခွဲခွာသွားလို့ မိသားစုနှင့် ထပ်တူထပ်မျှ နှမြောတသ ဝမ်းနည်းကြေကွဲရပါသည်။

၁၉၈၂မှ ၁၉၈၅ခုနှစ်အတွင်း G.Hallအဆောင်ကျောင်းသူဟောင်းများ

ကိုဖြိုးဝေအောင်(ခ)ကိုဖြိုး(BA.Eng)

အသက်(၂၉)နှစ်

မုံရွာမြို့

(၁-၁-၂၀၁၁) (၁-၁-၂၀၁၃) အဖေမရှိတော့ပေမယ့် အမေ့အနားမှာ သားအမြဲရှိနေမှာပါ။ အားမငယ်ပါနဲ့လို့ပြောတဲ့ သားကြီးရယ် အခုတော့ အမေ့ဘဝထဲကနေ ခွဲထွက်သွားတာ ဒီနေ့ဆို (၂)နှစ်တင်းတင်းပြည့်ခဲ့ပါပြီ။ အမေ့ရင်ထဲ သားအမြဲရှိနေဆဲပါ။ ဖေကြီးနှင့်သားကြီးကို ရည်စူး၍ ပြုလုပ်သော နေ့စဉ်၊ လစဉ်နှင့် ယနေ့ (၂)နှစ်ပြည့် ပြုလုပ်သော ကုသိုလ်ကောင်းမှုအစုစုတို့ကို အမျှ အမျှ အမျှ ပေးဝေခြင်းကို ထိတွေ့၊ မြင်သိ သာဓု သာဓု သာဓု ခေါ်ဆိုနိုင်ပါစေ။

သားကြီးရေ . . .

မေမေ - ဒေါ်နွဲ့နွဲ့အောင်
ညီလေး - တိုးဝေအောင်

---

(၁)လပြည့်လွမ်းဆွတ်သတိရခြင်း

အာကာလင်း(ခ)စိုးမင်းသူ

တတိယနှစ်(ဥပဒေ)ရတနာပုံတက္ကသိုလ်

အသက်(၂၄)နှစ်

၃၀-၁၂-၂၀၁၂ရက် ဒီနေ့ဆိုရင် (၁)လပြည့်ခဲ့ပါပြီ။ အချိန်နှင့်အမျှ ရင်နင့်အောင်ကြေကွဲခံစားရဆဲပါ။ ပြုသမျှကောင်းမှုကုသိုလ်အစုစုကို အမျှပေးဝေပါတယ်။ မြင့်မြတ်အေးချမ်းသာယာတဲ့ ဘုံဘဝမှာ စံစား၍ သာဓု သာဓု သာဓု ခေါ်ဆိုနိုင်ပါစေ။ သားလေး ကောင်းရာသုဂတိလားပါစေ-

ဖေဖေ၊ မေမေ- ဦးဇော်လင်းအောင်-ဒေါ်ခင်ခင်ဦး
(လင်းခန့်ကျော်မိုဘိုင်း)

ဝမ်းနည်းကြေကွဲခြင်း

အလ်ဟာဂျ် ဦးထွန်းအောင်ကျော်(ခ)

အလ်ဟာဂျ်ဦးမူဆာ (E.E)

အသက်(၅၉)နှစ်

AGTI(E.P)၊ 1978(အင်းစိန်)

(ကထိက)၊ ရေကြောင်းလျှပ်စစ်အင်ဂျင်နီယာဌာန

မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်

အင်းစိန်၊ စက်မှုလက်မှုသိပ္ပံ(လျှပ်စစ်စွမ်းအားအင်ဂျင်နီယာဌာန)၊ ကျောင်းသားဟောင်း၊ အလ်ဟာဂျ် ဦးထွန်းအောင်ကျော်(ခ)အလ်ဟာဂျ် ဦးမူဆာသည် ၂၇-၁၂-၂၀၁၂ရက် နံနက် ၆ နာရီတွင် အလ္လာဟ်သျှင်မြတ် အမိန့်တော်ခံယူသွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အင်းစိန်၊ စက်မှုလက်မှုသိပ္ပံ(လျှပ်စစ်စွမ်းအားအင်ဂျင်နီယာဌာန)
ကျောင်းသား၊ ကျောင်းသူဟောင်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးစန်းမောင် (၆၅)နှစ်

ဘူမိဗေဒအရာရှိ(ငြိမ်း)ဘူမိဗေဒနှင့်ဓာတ်သတ္တုရှာဖွေရေး

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၉/ဘီ)၊ ပါရမီလမ်းနေ ဒေါ်ဝင်းမေ(ဘူမိဗေဒအရာရှိငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း ဦးစန်းမောင်သည် ၂၈-၁၂-၂၀၁၂ရက်(သောကြာနေ့)တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

မန်နေဂျင်းဒါရိုက်တာနှင့်
လုပ်ဖော်ကိုင်ဖက်ဝန်ထမ်းများ၊ ဘူမိဗေဒညီအစ်ကိုများ
24 Hour Mining & Industry Co.Ltd

အထူးဝမ်းနည်းကြေကွဲခြင်း
ရဲမှူးခင်မောင်ဌေး (ငြိမ်း) (၆၂) နှစ်
သူရ (၇) ဖောင်ကြီး

သူငယ်ချင်း ရဲမှူးခင်မောင်ဌေး (ငြိမ်း) သည် ၂၈ -၁၂-၂၀၁၂ နေ့တွင် ကွယ်လွန်သွားကြောင်း သိရသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှအထူးဝမ်းနည်းကြေကွဲရပါသည်။

သူရ (၇) (ဖောင်ကြီး) သင်တန်းဆင်း
အရာရှိများနှင့်မိသားစုများ

ဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံလုံးဆိုင်ရာ မြန်မာမွတ်စလင်(မ်)လူငယ်များ(ဘာသာရေး)အဖွဲ့
မ.မ.လ ဌာနချုပ် နာယကကြီး ဦးတင်မြ၏ ချစ်လှစွာသောဇနီး
ရစူးဘီ (ခ) ဒေါ်မြရှင်သည် ၂၈.၁၂.၂၀၁၂ (သောကြာ)နေ့တွင်
အလ္လာသျှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် မိသားစု
နှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အလုပ်အမှုဆောင်အဖွဲ့ မ.မ.လ.ဌာနချုပ်

ဝမ်းနည်းကြေကွဲခြင်း

ဦးစန်းမောင် (အောင်လံ-မိတ္ထီလာ)

အသက်(၇၇)နှစ်

ဆက်သွယ်ရေးအင်ဂျင်နီယာ(ငြိမ်း)

မိတ္ထီလာမြို့၊ ပေါက်ချောင်းရပ်ကွက်နေ ဒေါ်မြင့်မြင့်ဝေ၏ချစ်ခင်ပွန်း၊ မိတ္ထီလာမြို့နေ ဦးခင်မောင်စန်း-ဒေါ်စီစီလွင်၊ ဦးအောင်မြင့်စန်း-ဒေါ်သန္တာသက်၊ ရန်ကုန်မြို့နေ ဦးစည်သူဝင်း-ဒေါ်ဇင်မာစန်း၊ ဦးသန့်ဇင်-ဒေါ်သူဇာစန်း၊ Australia နိုင်ငံ Sydney မြို့နေ ကိုဇော်ထူးအောင်၊ ကိုအောင်ကိုစန်း-Angela Tayတို့၏ဖခင်၊ မြေးကိုးယောက်တို့၏အဘိုး ဦးစန်းမောင်သည် ၂၈-၁၂-၂၀၁၂ ရက် ည ၉း၁၀ နာရီတွင် ကွယ်လွန်သွားပါ၍ ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းရပါကြောင်း။

ဦးမောင်မောင်ဇင်(ခ)Victor-ဒေါ်တင်တင်ဝင်း
FUJI ALUMINIUM မိသားစု
မိတ္ထီလာမြို့

Dr. နေဝင်းမောင် (အောင်ထွဋ်)
၃၀-၆-၁၉၆၂ - ၁-၁-၂၀၁၂
တစ်နှစ်ပြည့်အလွမ်း

ချစ်သောသားလေး နေဝင်းမောင် မိသားစုကြီးကို ရုတ်တရက် ခွဲခွာပြီး သံသရာခရီးရှည်ကြီး ကို ထွက်ခွာသွားခဲ့တာ တစ်နှစ်တင်းတင်း ပြည့်ခဲ့ပြီ။ မိသားတစ်စုလုံး နေ့စဉ်နှမြောတသ၊ ယူကျုံးမရ လွမ်းဆွတ် သတိရလျက်ပါ။ နေ့စဉ်ပြုပြုသမျှသော ကုသိုလ်များကို နေ့စဉ် နံနက် ၅ နာရီမှာ မျှဝေပေးလျက်ရှိပါသည်။ သာဓုခေါ်ပါ သားရယ်။

ဇနီး ဝင်းကလျာဆွေ
ချစ်သမီးများ ဂုဂူး၊ ဠူဠူး
အိမ့်အိမ့်၊ ဒီဒီ

မိခင်ကြီး ဒေါ်ယဉ်ယဉ်
အစ်ကို ဇာနည်-သန္တာ၊
ညီ Dr. နေလင်းမောင်
ချစ်သောတူ၊ တူမလေးများ
အေးချမ်းမောင်၊ အာကူး၊
ပုံပုံ၊ ငယ်ငယ်